# မြန်မာ - စစ်အာဏာသိမ်းပြီး လေးနှစ်တာ ကာလ အတွင်း အာဏာသိမ်း စစ်ခေါင်းဆောင်များသည် လူ့အခွင့်အရေး ချိုးဖောက်မှုများအား မကြုံစဖူး အဆင့်သို့ တိုးမြှင့်ကျူးလွန်လာကြောင်း ကုလသမဂ္ဂ အဖွဲ့က တွေ့ရှိ။

ဂျီနီဗာ (၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်) – မြန်မာစစ်တပ်သည် ပြီးခဲ့သည့်နှစ်က အရပ်သားများအပေါ် အကြမ်းဖက်မှုကို မကြုံစဖူးအဆင့်သို့ တိုးမြှင့်ကျူးလွန်ခဲ့ပြီး အာဏာသိမ်းမှု စတင်ခဲ့သည့် လွန်ခဲ့သော လေးနှစ် အချိန်အတွင်း ယမန်နှစ်၌ အရပ်သား သေဆုံးမှု အများဆုံး ဖြစ်ခဲ့ကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးရုံးက သောကြာနေ့တွင် အစီရင်ခံခဲ့သည်။

၂၀၂၄ ခုနှစ်တစ်လျှောက်လုံး၏ ပဋိပက္ခအခြေအနေ အပေါ် လေ့လာဆန်းစစ်မှုအရ မြန်မာ စစ်တပ်သည် ၎င်းတို့၏ အာဏာ လက်ဝယ်ထိန်းချုပ်မှုမှာ ယိမ်းယိုင်လာသည်နှင့်အမျှ လက်တုံ့ပြန်သည့် သဘောဖြင့် အရပ်သား လူထုနှင့် အရပ်သား နေထိုင်ရာ ဒေသများအပေါ် လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီး အမြောက်ဖြင့် ပစ်ခတ်မှုများကို အကြိမ်ကြိမ် ပြုလုပ်ခဲ့ပြီး လူငယ် ထောင်ပေါင်းများစွာကို စစ်မှုထမ်းရန် အတင်းအကျပ် စေခိုင်းခဲ့ကာ တရားလက်လွတ် ဖမ်းဆီးမှုများနှင့် တရားစွဲဆိုမှုခြင်း အပြင် လူအများအပြား နေရပ်စွန့်ခွာရမှုကို ဖြစ်စေခဲ့သလို အခြား အရေးပေါ် အချိန်များနှင့် သဘာဝ ဘေးအန္တရာယ်များ ကြုံတွေ့နေသည့် အချိန်၌ပင် လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပေးအပ်ခွင့်ကို ငြင်းပယ်ခဲ့သည်။

နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (AAPP) ၏ ထုတ်ပြန်ချက်အရ လွန်ခဲ့သော လေးနှစ် အတွင်း မြန်မာ စစ်တပ်က အရပ်သားပြည်သူ အနည်းဆုံး ၆,၂၃၁ ဦးကို သတ်ဖြတ်ခဲ့ပြီး ယင်းတို့အနက် အမျိုးသမီး ၁,၁၄၄ ဦးနှင့် ကလေးငယ် ၇၀၉ ဦး ပါဝင်သည်။ ၂၀၂၄ ခုနှစ်တွင် လူပေါင်း ၁,၈၂၄ ဦးထက်မနည်း သေဆုံးခဲ့ပြီး ယင်းတို့အနက် အမျိုးသမီး ၅၃၁ ဦးနှင့် ကလေးငယ် ၂၄၈ ဦး ပါဝင်ကာ ယခင်နှစ်က အတည်ပြုထားသည့် သေဆုံးသူ ၁,၆၃၉ ဦးထက် အရေအတွက် သိသိသာသာ မြင့်တက်လာခဲ့သည်။

“စစ်အာဏာသိမ်းပြီး လေးနှစ်အကြာတွင် မြန်မာနိုင်ငံ အတွင်းရှိ အရပ်သား ပြည်သူလူထု၏ အခြေအနေမှာ နေ့စဉ်နှင့် အမျှ ပိုမို ဆိုးရွားလာနေကြောင်း တွေ့ရသဖြင့် အလွန်စိတ်မကောင်း ဖြစ်မိပါတယ်၊” ဟု ကုလသမဂ္ဂ လူ့အခွင့်အရေး အဖွဲ့၏ အကြီးအကဲဖြစ်သူ Volker Türk က ပြောကြားခဲ့သည်။ “မြန်မာ စစ်တပ်၏ အာဏာ ယိမ်းယိုင်လာပေမယ့်လည်း ၎င်းတို့၏ ရက်စက်ကြမ်းကြုတ်မှုနှင့် အကြမ်းဖက်မှုများမှာ ပိုမိုကျယ်ပြန့်၍ ပြင်းထန်လာပါတယ်၊" ဟု ၎င်းက ပြောကြားခဲ့ပြီး ထိုသို့ မြန်မာစစ်တပ်က လက်တုံ့ပြန်သည့် သဘောဖြင့် တိုက်ခိုက်မှုများသည် ပြည်သူလူထုကို ထိန်းချုပ်ရန်၊ ခြိမ်းခြောက်ရန်နှင့် အပြစ်ပေးရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်နေကြောင်း ဖြည့်စွက် ပြောကြားခဲ့သည်။

“မြန်မာ စစ်တပ်က ဖန်တီးထားသော ဤလူ့အခွင့်အရေး အကျပ်အတည်းသည် အရပ်သားများကို ပစ်မှတ်ထား၍ အရပ်ဘက် စစ်ဘက် ခွဲခြားမှုမရှိသော ပစ်ခတ်တိုက်ခိုက်ခြင်း၊ လူသားချင်း စာနာထောက်ထားမှု အကူအညီများအား သွားရောက်ထောက်ပံ့ခွင့် မပြုခြင်းနှင့် စနစ်တကျ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်ခြင်းမှတစ်ဆင့် အရပ်သားလူထု အပေါ် ပြောမပြနိုင်လောက်အောင် ဆိုးရွားသည့် ဆင်းရဲဒုက္ခများအား ဖြစ်ပေါ်စေခဲ့သည်။”

“ဤသို့သော ရက်စက်ကြမ်းကြုတ်မှုကို ချက်ချင်း ရပ်တန့်ခြင်းနှင့် ကျူးလွန်သူများ အပေါ် အရေးယူ၊ တာဝန်ခံစေခြင်း မရှိပါက အရပ်သား ပြည်သူများ၏ သေဆုံးမှုနှုန်းသည် ဆက်လက် မြင့်တက်လာမည် ဖြစ်ပြီး အရပ်သား ပြည်သူလူထု၏ အခြေအနေ အဘက်ဘက်မှာ  မလွဲမသွေ ဆက်လက်ဆိုးရွားလာမည်ဖြစ်သည်။”

ကျူးလွန်သူများ အပေါ် အပြစ်ပေး အရေးယူမှု မရှိဘဲ ခေါင်းဖြတ်ခြင်း၊ မီးရှို့ခြင်း၊ ကိုယ်အင်္ဂါ ဖြတ်တောက်ခြင်း၊ သေဒဏ်စီရင် ကွပ်မျက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် လူသားဒိုင်း အဖြစ် အသုံးပြုခြင်းတို့ အပါအဝင် အလွန်အမင်း ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များကို အရပ်သားများအပေါ် ကျူးလွန်ခဲ့ကြောင်း ဆန်းစစ်လေ့လာချက်တွင် အသေးစိတ် ဖော်ပြထားပါသည်။ မြို့နယ် အများအပြားတွင် မြန်မာ စစ်သားများသည် လက်နက်ကိုင် တိုက်ပွဲများ ဖြစ်ပွားခြင်း မရှိဘဲ ကျေးရွာများကို တိုက်ခိုက်ခဲ့ပြီး ထိုသို့ တိုက်ခိုက်ရခြင်းမှာ အခြားဒေသများတွင် မြန်မာ စစ်တပ်ဆန့်ကျင်ရေး လက်နက်ကိုင်အဖွဲ့များ၏ ထိုးစစ်ဆင်မှုများ အပေါ် လက်တုံ့ပြန်သည့်သဘောဖြင့် တိုက်ခိုက်ခြင်းမျိုး ဖြစ်နိုင်သည်။ အရပ်ဘက် အခြေခံ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဝတ်ပြုကိုးကွယ်ရာ ဘာသာရေး အဆောက်အအုံများ၊ ကျန်းမာရေး ဝန်ဆောင်မှုပေးသည့် နေရာများ၊ ပြည်တွင်း ဒုက္ခသည် စခန်းများနှင့် အရပ်သား လူထု စုဝေးရာ နေရာများကို တမင်တကာ ပစ်မှတ်ထားတိုက်ခိုက်မှုကြောင့် အရပ်သား ထိခိုက်သေဆုံးမှုနှင့် နေရပ်စွန့်ခွာ ထွက်ပြေးရမှုများ အများအပြား ဖြစ်ပေါ်စေခဲ့သလို ပညာရေးနှင့် ကျန်းမာရေး ကဲ့သို့သော မရှိမဖြစ် အရေးပါသော ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများကိုလည်း အနှောင့်အယှက် ဖြစ်စေခဲ့သည်။ ဆက်သွယ်ရေး ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း ဖြတ်တောက်မှုများနှင့် အလွန်အမင်း စောင့်ကြည့် ထောက်လှမ်းမှုများကြောင့်လည်း အသက် ကယ်ဆယ်ရေးနှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အဟန့်အတား ဖြစ်စေခဲ့သလို အရပ်သား လူထုမှာ ထိုအကျိုးဆက်များကို အဓိက ခါးစည်းခံနေရပါသည်။

စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အုပ်စုများက ကျူးလွန်သည့် အကြမ်းဖက်မှုသည် မြန်မာစစ်တပ်၏ အကြမ်းဖက်မှု ပမာဏနှင့် အတိုင်းအတာ အားဖြင့် နှိုင်းယှဉ်၍ မရသော်လည်း ၎င်းတို့၏ လုပ်ရပ်ကြောင့် ၂၀၂၄ ခုနှစ်အတွင်း အရပ်သား ပြည်သူလူထု အတွက် ကာကွယ်စောင့်ရှောက်မှု ဆိုင်ရာ စိုးရိမ်ပူပန်မှုများအား ဖြစ်ပေါ်စေခဲ့ပါသည်။ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင်အဖွဲ့များ၏ ထိန်းချုပ်နယ်မြေများတွင် အရပ်သား ပြည်သူလူထု အပေါ် ညှဉ်းပန်းနှိပ်စက်မှု၊ တရားလက်လွတ် သတ်ဖြတ်မှု၊ လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှု၊

အတင်းအကျပ် စစ်သားစုဆောင်းမှုနှင့် အခြားသော အလွဲသုံးစားပြုမှုများ ကျူးလွန်ခဲ့ကြောင်း စွပ်စွဲချက်များကို ကုလသမဂ္ဂ လူ့အခွင့်အရေးရုံးက လက်ခံရရှိခဲ့ပါသည်။

ရခိုင်ပြည်နယ်တွင် လူမှုအသိုင်းအဝိုင်း  အားလုံး သာမက ရိုဟင်ဂျာ လူမျိုးစုတို့၏ အခြေအနေ ဆိုးရွားလာခြင်းနှင့် အရပ်သား ကာကွယ်စောင့်ရှောက်မှု ဆိုင်ရာ ကြီးလေးသော ဘေးအန္တရာယ်များကြောင့် စိုးရိမ်ပူပန်မိကြောင်း Türk က ပြောကြားခဲ့သည်။

"ရိုဟင်ဂျာများသည် အာရက္ခတပ်တော်နှင့် မြန်မာ စစ်တပ်တို့၏ စစ်ပွဲကြားတွင် ပိတ်မိနေပြီး ၎င်းတို့သည် ကာကွယ်စောင့်ရှောက်မှု ရရှိရန် မည်သည့်နေရာကိုမှ မသွားနိုင်ကြပေ။ တစ်နှစ်ပတ်လုံး ၎င်းတို့၏ ကျေးရွာများ မီးရှို့ခံရခြင်း၊ လူငယ်များ စစ်မှုထမ်းရန် အတင်းအကျပ် တွန်းအားပေးခံရခြင်း၊ လူသားချင်း စာနာထောက်ထားမှု အကူအညီများ ဖြတ်တောက်ခံရခြင်းတို့ကို ခံစားခဲ့ရကာ ၎င်းတို့သည် ဘေးကင်းလုံခြုံရေး ရရှိရန် ကြိုးပမ်းရှာဖွေရင်း အကြိမ်ကြိမ် နေရပ်စွန့်ခွာခဲ့ရသည်။"ဟု ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးက ပြောကြားခဲ့ပြီး လူထောင်ပေါင်းများစွာသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ခိုလှုံခွင့် တောင်းခံခဲ့ကာ ၂၀၂၄ ခုနှစ်မှစ၍ လူ ၈,၀၀၀ နီးပါးသည် ဘေးအန္တရာယ်များလှသော ပင်လယ်ခရီးများ ဖြတ်သန်း၍ ဘေးကင်းလုံခြုံရာ နေရာများသို့ သွားရောက်ရန် ကြိုးပမ်းခဲ့ကြသည်ဟု ဖြည့်စွက်ပြောကြားခဲ့သည်။

"အာရက္ခ တပ်တော်သည် ရခိုင်ပြည်နယ်ကို အပြည့်အဝ ထိန်းချုပ်နိုင်လုနီးပါး ဖြစ်လာသည်နှင့်အမျှ ၎င်းတို့သည် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေကို မဖြစ်မနေ လေးစားလိုက်နာရမည်ဖြစ်သလို ၎င်းတို့၏ ထိန်းချုပ်မှုအောက်ရှိ ဒေသများတွင် လူပုဂ္ဂိုလ် အားလုံးကိုလည်း ကာကွယ်စောင့်ရှောက်ရမည် ဖြစ်သည်။"

မြန်မာနိုင်ငံတစ်ဝှမ်းတွင် အရပ်သား ပြည်သူ သန်း ၂၀ နီးပါးသည် လူသားချင်း စာနာထောက်ထားမှု အကူအညီ လိုအပ်နေပြီး ကုလသမဂ္ဂ၏ ကိန်းဂဏန်းများအရ ၃.၅ သန်းကျော်သော ပြည်သူများသည် နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရကာ ယင်းတို့အနက် သုံးပုံတစ်ပုံမှာ ကလေးသူငယ်များ ဖြစ်သည်ဟု သိရှိရသော်လည်း အရပ်ဘက် လူမှု အဖွဲ့အစည်းများ၏ ကိန်းဂဏန်း အချက်အလက်များ အရ စုစုပေါင်းအရေအတွက်သည် ထိုထက် နှစ်ဆကျော် ရှိနိုင်သည်ဟု ဆိုသည်။

ယမန်နှစ်က နေရပ်စွန့်ခွာရခြင်း၏ အဓိက အကြောင်းရင်းမှာ မြန်မာ စစ်တပ်က လူငယ်ထောင်ပေါင်းများစွာကို အတင်းအကျပ် စစ်သားစုဆောင်းခြင်းနှင့် စစ်မှုထမ်းခိုင်းစေခြင်းတို့ကြောင့် ဖြစ်ပြီး ၎င်းလုပ်ရပ်သည် လူထုအကြား ကျယ်ကျယ်ပြန့်ပြန့် စိုးရိမ်ကြောက်ရွံ့မှုများ ဖြစ်ပေါ်စေခဲ့ကာ ၎င်းတွင် ရိုဟင်ဂျာ လူမျိုးစုဝင်များလည်း ပစ်မှတ်ထားခံခဲ့ရသည်။ လူငယ် ထောင်ပေါင်းများစွာသည် ထွက်ပြေးတိမ်းရှောင်ရခြင်းနှင့် ပြည်ပသို့

ထွက်ခွာခြင်းများ ရှိလာသောကြောင့် အသက် ၁၈ နှစ်မှ ၃၅ နှစ်ကြား လုပ်သား အင်အားစု အမြောက်အများ ဆုံးရှုံးမှု ရှိခဲ့ပြီး မြန်မာနိုင်ငံ၏ စီးပွားရေး အကျပ်အတည်းကို ပိုမို ဆိုးရွားစေခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်း အကြမ်းဖက်မှုများ အဆုံးသတ်စေရေး၊ လူသားချင်း စာနာထောက်ထားမှု အကူအညီများကို အပြည့်အဝနှင့် အဟန့်အတားမရှိ ပေးအပ်နိုင်ရေး၊ နိုင်ငံရေး အကြောင်းပြချက်ဖြင့် ဖမ်းဆီး ထိန်းသိမ်းထားသူ အားလုံးကို ပြန်လွှတ်ပေးရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို မြှင့်တင်သော အဖွဲ့အစည်းများနှင့် အဓိပ္ပာယ် ပြည့်ဝစွာ ပူးပေါင်းဆောင်ရွက်ရေး၊ အကြမ်းဖက်မှုနှင့် ဖိနှိပ်ညှဉ်းပန်းမှုများမှ တိမ်းရှောင်လာသူများအတွက် နိုင်ငံတကာ အသိုက်အဝန်းမှ အကာအကွယ် ရရှိမှု သေချာစေရေး အတွက် လွှမ်းမိုးနိုင်စွမ်း ရှိသော နိုင်ငံ အစိုးရများနှင့် အထူးသဖြင့် ဒေသတွင်း နိုင်ငံ အစိုးရများ အနေဖြင့် နှစ်ဆတိုးမြှင့် ဆောင်ရွက်ရန် Türk က တိုက်တွန်းခဲ့သည်။

ကျူးလွန်ခဲ့သော ရာဇဝတ်မှုများ အတွက် အပြစ်ပေးခြင်းမှ ကင်းလွတ်နေမှုကို အဆုံးသတ်ရေးသည်လည်း နိုင်ငံတကာ အသိုင်းအဝိုင်း၏ တာဝန်ဖြစ်ကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးက ထပ်လောင်း ပြောကြားခဲ့သည်။ မြန်မာပြည်သူများ လွန်ခဲ့သော လေးနှစ်တာကာလအတွင်း ကြုံတွေ့ခဲ့ရသော ကြောက်မက်ဖွယ်ရာ အခြေအနေများကို နောင်တွင် ကြုံတွေ့ရင်ဆိုင်မှု မရှိစေရေး အတွက် ရေရှည်တည်တံ့သော နိုင်ငံရေး ဖြေရှင်းချက်တိုင်းသည် တရားမျှတမှုနှင့် တာဝန်ခံမှုတို့အပေါ် အခြေခံရမည် ဖြစ်ကြောင်း သူက အလေးထား ပြောကြားခဲ့သည်။

ပြီးဆုံးသည်။